**ကလေးများ လက်လှမ်းမမီသောနေရာတွင် လုံခြုံစွာသော့ခတ်သိမ်းဆည်းပါ**

## သတိပြုရန်

- ဆေးဖျန်းစဉ် လက်အိတ်၊ နှာခေါင်းစည်း၊ လည်ရှည်ဖိနပ်၊ ဘောင်းဘီရှည်၊ ရှပ်အင်္ကျီလက်ရှည်၊ မျက်ကာမှန်၊ အနားကျယ်သော ဦးထုပ်၊ မျက်နှာဖုံး စသည့် အကာအကွယ်ပစ္စည်းများကို အပြည့်အစုံဝတ်ဆင်ရမည်။
- မျက်လုံးနှင့် အရေပြားပေါ်သို့ ဆေးနှင့် တိုက်ရိုက်မထိတွေ့စေရ။
- ဆေးကိုင်တွယ်အသုံးပြုနေချိန် အစာစားခြင်း၊ ကွမ်းစားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ရေသောက်ခြင်း မပြုရ။
- ဆေးဖျန်းပြီးပါက ဆေးထိသောခန္ဓာကိုယ်အစိတ်အပိုင်းများကို ရေ၊ ဆပ်ပြာတို့ဖြင့် သေချာစွာဆေးကြောပါ။
- ဆေးဖျန်းပြီးလျှင် အဝတ်အစားများကို ဆပ်ပြာနှင့် ဂရုတစိုက် စင်ကြယ်အောင် လျှော်ဖွတ်ပါ။ ဆေးဖျန်းစဉ် လေဆန်မှ မဖျန်းရ။
- ငါးနှင့် ပျားများကို အဆိပ်သင့်စေနိုင်သဖြင့် ဂရုပြု၍ အသုံးပြုပါ။

## သိုလှောင်ခြင်းနှင့်စွန့်ပစ်ခြင်း

- အေးမြခြောက်သွေ့ပြီး လေဝင်လေထွက်ကောင်းသောနေရာတွင် မူလဆေးဘူးကို အဖုံးတင်းကြပ်စွာပိတ်၍ သိုလှောင်ပါ။
- ကလေးများ လက်လှမ်းမမီသောနေရာတွင် လုံခြုံစွာသော့ခတ် သိမ်းဆည်းထားပါ။
- ဆေးဘူး၊ ဆေးထုပ်ခွံအလွတ်များကို ပြန်လည်အသုံးမပြုရပါ။ ထုခြေဖျက်ဆီး၍ မြေကျင်းနက်နက်တူးပြီး မြေမြှုပ်ပစ်ပါ။
- အသုံးပြုပြီးသောဆေးဘူး၊ ဆေးထုပ်ခွံများကို မြစ်ချောင်း၊ အင်းအိုင်နှင့် မြောင်းများသို့ မစွန့်ပစ်ရ၊ မဆေးကြောရ၊ မီးမရှို့ရပါ။
- လူအစားအစာ၊ တိရစ္ဆာန်အစားအစာ၊ မျိုးစေ့၊ ဓာတ်မြေသြဇာများနှင့် ရောနှောမသိုလှောင်ရ။

## ရှေးဦးသူနာပြုစုနည်း

- မျက်စိအတွင်းသို့ ဆေးဝင်လျှင် ရေသန့်များများနှင့် ဖြေးညင်းညင်သာစွာ ဖွင့်ချည်ပိတ်ချည် ၁၅ မိနစ်ခန့် ဆေးကြောပြီး ဆေးကုသမှုကို ခံယူပါ။
- ဆေးများကို ထိမိပါက ဆေးပေနေသောအဝတ်အစားများကို ချွတ်ပစ်ပါ။ ဆေးထိမိသောအရေပြားအား ရေ၊ ဆပ်ပြာဖြင့် ၁၅ မိနစ်မှ ၂၀ မိနစ်ထိ ဆေးကြောပါ။ ဆရာဝန်၏ အကြံဉာဏ်နှင့် ကုသမှုကို ခံယူပါ။
- ဆေးရှုမိလျှင် လူနာအား လေကောင်းလေသန့်ရရှိသောနေရာတွင် ထားပါ။
- ဆေးကို မျိုချမိပါက အန်အောင်မပြုလုပ်ရ။ အညွှန်းစာပါသော ဆေးဘူး၊ ဆေးထုပ်ခွံနှင့်အတူ နီးစပ်ရာဆရာဝန်ထံ ဆေးကုသမှု အမြန်ဆုံးခံယူပါ။

**ဖြေဆေး** – ဖြေဆေးသီးသန့်မရှိပါ။ အဆိပ်သင့်လက္ခဏာအရ ကုသပါ။

| | |
|---|---|
| မှတ်ပုံတင်အမှတ် | **P2018 - 4234** |
| ထုတ်လုပ်မှုအမှတ်စဉ် | |
| ထုတ်လုပ်သည့်ရက်စွဲ | |
| သက်တမ်းကုန်ဆုံးမည့်ရက်စွဲ | |

BURONOS

# PEROZIN 80 WP

# ပါရိုဇင်

+ ZINC

၈၀ ဒဗလျူပီ

## မှိုသတ်ဆေး

Active Ingredient :Zineb ............ 80%

Inert Materials : ......................... 20 %

ဆေးအုပ်စု – Carbamate



ဖြန့်ချိသူ

BURONOS

**ဘူရိုနိုစ် ပရိုက်ဗေ့(ထ်) ကုမ္ပဏီလီမိတက်**

( BURONOS PRIVATE COMPANY LIMITED )

အမှတ်(၅၉/၆၁)၊ (ခြံအမှတ် – E)၊ မဟာဝိဇ္ဇာမိုရ်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်

**1 kg**

ထုတ်လုပ်သူ

**Agria S.A.**

Asenovgradsko shose, Plovdiv 4009, Bulgaria

www.agria.bg

အဆိပ်ဖြစ်မှုအဆင့်အတန်း GHS အုပ်စု(၅)

BURONOS

**ပါရိုဇင် ၈၀ ဒဗလျူပီ**

**မှိုသတ်ဆေး**

**ဆေးမသုံးစွဲမီ အညွှန်းကို သေချာစွာဖတ်ပါ။**

ပါရိုဇင် ၈၀ ဒဗလျူပီသည် သီးနှံပင်များတွင် ကျရောက်ဖျက်ဆီးတတ်သော မှိုရောဂါအမျိုးမျိုးကို ကာကွယ်နှိမ်နင်းရာတွင် ကာကွယ်ဆေးအဖြစ် အသုံးပြုနိုင်သော ထိသေအာနိသင်ရှိ မှိုသတ်ဆေးဖြစ်ပါသည်။

## အသုံးပြုရန်အညွှန်း

| သီးနှံ | ကျရောက်သည့် ရောဂါ | နှုန်းထား | | ဆေးဖျန်းပြီးနောက် ရိတ်သိမ်းခူးဆွတ်ရန် စောင့်ဆိုင်းရမည့်ရက် |
|---|---|---|---|---|
| | | ဂရမ်/ဧက | ဂရမ်/ရေ၂၀လီတာ | |
| ဂေါ်ဖီ | ရွက်ပြောက်ရောဂါ၊ ဒေါင်းနီးမှိုရောဂါ | ၂၅၀ – ၃၀၀ | ၄၀ – ၅၀ | ၇ – ၁၅ |
| ခရမ်းချဉ်၊ အာလူး၊ | စောပင်နာကျရောဂါ၊ နှောင်းပင်နာကျရောဂါ၊ | ၂၀၀ – ၃၀၀ | ၃၅ – ၅၀ | ၇ – ၁၅ |
| သခွား | ဒေါင်းနီးရွက်ခြောက် ရောဂါ | ၂၅၀ – ၃၅၀ | ၄၀ – ၆၀ | ၇ – ၁၅ |
| ငရုတ်ချို၊ ငရုတ်၊ ငရုတ်ပွ | ဖားမျက်စိရောဂါ၊ မှဲ့ပြောက်စွန်းရောဂါ | ၂၀၀ – ၂၅၀ | ၃၅ – ၄၀ | ၇ – ၁၅ |
| ကြက်သွန် | တောက်တဲ့မြီးရောဂါ၊ ဒေါင်းနီးရွက်ခြောက် ရောဂါ | ၃၀၀ – ၃၅၀ | ၅၀ – ၆၀ | ၇ – ၁၅ |
| ပဲမျိုးစုံ | ရွက်ပြောက်ရောဂါ | ၂၅၀ – ၃၀၀ | ၄၀ – ၅၀ | ၇ – ၁၅ |
| စပျစ် | ဖားဥမှိုရောဂါ၊ ဒေါင်းနီးရွက်ခြောက် ရောဂါ | ၃၀၀ – ၃၅၀ | ၅၀ – ၆၀ | ၇ – ၁၅ |

- သီးနှံစိုက်ခင်းတစ်ဧကအတွက် ၂၀ လီတာဝင် ဆေးဖျန်းပုံး (၆)ပုံးနှုန်းဖြင့် တွက်ချက်ထားပါသည်။
- သီးနှံတစ်ရာသီတွင် ဆေးဖျန်းကြိမ်ရေ (၂ – ၃)ကြိမ်ထက် ပိုမဖျန်းပါနှင့်။
- ဆေးဖျန်းခြားရက် – (၁၀ – ၁၄)ရက်
- ဆေးဖျန်းပြီးနောက် စိုက်ခင်းအတွင်း ပြန်လည်ဝင်ရောက်နိုင်သော ကာလ – (၂၄)နာရီ
- ဆေးဖျန်းပြီးနောက် (၆)နာရီခန့်မိုးလွတ်လျှင် ပိုကောင်းပါသည်။

